# ကျွန်ုပ်တို့၏ဆုတောင်းခြင်း

မဿဲ ၆း၅–၁၅

သခင်ယေရှုသည် တပည့်တော်တို့အား မည်သို့ဆုတောင်းရမည်ကိုသွန်သင်သည့်အခါ ပဌနာတော် (Lord's prayer)အားဖြင့်ပုံစံပြ ၍သွန်သင်သည်ကိုတွေ့ရပါသည်။ ညွှန်ကြားချက် (၄) ခုဖြင့်မည်ကဲ့သို့ဆုတောင်းရမည်ကိုလမ်းပြခဲ့သည်။

### We must pray in secret before we pray in public (၆း၆)

လူများရှေ့တွင်ဆုတောင်းခြင်းသည် မှားယွင်းသည်ဟုမဆိုလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အစာအတွက်ကျေးဇူး တော်ချီးမွမ်းဆုတောင်းကြသည်။ ဘုရားသခင် ၏ကူမမှုကို လိုအပ်သောအခါတွင်လည်း မိတ်ဆွေများအားသော်၄င်း၊ အသိပေးဆုတောင်းခံကြရသည်။ သို့ရာတွင်ယေရှုက လူအများရှေ့ တွင်ဆုတောင်းသည့်အခါ သတိပေးရခြင်းမှာ လူတို့သည်မိမိတစ်ဦးတည်းလို့ဝှက်စွာ ဆုတောင်းလေ့မရှိဘဲ လူရှေ့၊ လူအများရှေ့တွင် အော်ကြီးဟစ်ကျယ်ဖြင့်ဆုတောင်းတတ်သော သဘောရှိကြသဖြင့် တားမြစ်ခြင်းဖြစ်သည်။ အကြောင်းသိတဲ့လူတွေအတွက်တော့ အဲဒီလူဟာ ဟန်ဆောင်တဲ့လူ၊ ဟန်လုပ်တဲ့လူဘဲဖြစ်သည် (Hypocrisy)။

ယေရှုသည်ဆိတ်ငြိမ်သောအရပ်၊ လူကွယ် ရာအရပ်မှဆုတောင်းလေ့ရှိသည် (မာကု ၁း၃၅) ထို့အတူ ဧလိရှဲ ( ဓမ္မ၄ ၄း၃၂) နှင့် ဒံယေလတို့သည်လည်း လူကွယ်ရာအရပ်၊ ဆိတ်ငြိမ်ရာအရပ်မှာဆုတောင်းကြသည်ကိုတွေ့ရသည်(ဒံ ၆း၁၀)။

### We must pray sincerely (၆း၇–၈)

ထပ်ခါတလဲလဲ ဆုတောင်းခြင်းသည် အ ချည်းနှီးဖြစ်သည်ဟုမဆိုလိုပါ။ အဘယ် ကြောင့်ဆိုသော် ယေရှုနှင့်ပေါလုတို့သည် ထပ် ခါတလဲလဲ ဆုတောင်းကြသူများဖြစ်ကြသည် (မ ၂၆း၃၆–၄၆၊ ၂ကော ၁၂း၇–၈) ။ သို့ရာတွင် မည်သည့်အခါတွင် ထပ်ခါတလဲလဲဆုတောင်းခြင်းသည် အချည်းနှီးဖြစ်ရသည်မှာ နှုတ်မှပူစီပေါင်းမှုတ်သလိုအသံထွက်ပြီးတကယ့် ရင်ထဲမှ ရိုးသားစွာ ဘုရားသခင်ကိုမရှာဖွေဘဲ ဘုရားသခင်ရဲ့ အလိုတော်ကိုမရှာဖွေဘဲ ဆုတောင်းခြင်းသည် အချည်းနှီးပင်ဖြစ်သည်။ အလွတ်ကျက်ထားသမျှကိုပြန်ရွတ်ဆိုသလိုသာ ဖြစ်ပြီး တကယ့်ရင်ထဲမှတောင်းခံခြင်းမဟုတ် သောကြောင့်ဖြစ်သည်။ တပါးအမျိုးသားများ လုပ်လေ့လုပ်ထရှိကြသည်။

တနည်းအားဖြင့် ဆုတောင်းသောအခါတွင် တောင်းခံလိုသောအချက်များအားတောင်းခံ ပြီးခါတ်ပုံကိုနံရံမှာ ပင်အပ်နှင့်တိုးထားသလို ပြန်လှည့်မကြည့်ဘဲ မေ့သွား၊ မေ့လိုက်တတ်ကြသည်။ ဤကဲ့သို့ ဆုတောင်းခြင်းမျိုးလဲ ဘုရားသခင်က အဖြေပေးမည်မဟုတ်ပေ။

### We must pray in God's will (၆း၉–၁၃)

Lord's prayer ကိုတော့ ယုံကြည်သူများ သိကြပြီး ရင်းနှီးနေပြီးဖြစ်သည်။ တပည့်တော် တို့၏ပဌနာဆိုလျှင်ပို၍ တိကျမည်ဖြစ်သည်။ ယေရှုက ကျွန်ုပ်တို့အား၊ ယုံကြည်သူများအားပေးပြီး၊ ဤကဲ့သို့ အတိအကျအလွတ်ကျက် ဆုတောင်း၊ ထပ်တလဲလဲ ကြိမ်ဖန်များစွာ တောင်းဖို့မသွန်သင်ပါဘူး။ ဤပဌနာတော် ကိုပေးခြင်းမှာ အချည်းနှီး ဆုတောင်းခြင်းမှာ လွတ်ကင်းရန်ဖြစ်သည်။ ယေရှုက ''ဤအ တိုင်း'' ဆုတောင်းပါလို့မပြောပါ။ ''ဤကဲ့ သို့''ဆုတောင်းပါဟုသာပြောသည်။ ''ဤကဲ့ သို့'' ဆိုသည်မှာ ''ဒီလိုပုံစံမျိုး၊ အနေအထား မျိုး'' တောင်းရန်သွန်သင်ခြင်းဖြစ်သည်။

ဆုတောင်းခြင်း၏ ရည်ရွယ်ချက်မှာ ဘုရား သခင်၏နာမတော်ကို ချီးမြှောက်ရန်နှင့် ကိုယ် တော်၏ အလိုတော်သည် ဤလောကမှ ပြည့် စုံစေရန်တောင်းခံခြင်းပင်ဖြစ်သည်။ ဆုတောင်း ခြင်းသည်ဘုရားသခင်၏အရေးဖြစ်သည်။

ကျွန်ုပ်တို့၏အရေးမဟုတ်။ ဘုရားသခင်၏ နာမတော်၊ နိုင်ငံတော် နှင့်အလိုတော်ပြည့်စုံ ဖို့အရေးဖြစ်သည်။ Robert Law ဆိုသူက ''ဘုရားသခင်နာမတော်၊ နိုင်ငံတော်နှင့် အလို တော်သည် ဤလောကမှထိခိုက်စေမည့်ဆုတောင်းချက်များကို မည်သူမျှတောင်းပိုင်ခွင့်မရှိ'' ဟုပြောခဲ့သည်။

ပဌနာတော်တွင် ကြည့်ပါက ဆုတောင်းသောအခါ တသီးပုဂ္ဂိုလ် (singular)အတွက် သုံးထားခြင်းမရှိဘဲ အများ(plural) ကိုသုံးထားသည်ကိုတွေ့ရသည်။ အစ၌ ''Our Father'' ကျွန်ုပ်တို့၏အဖ ဟုသုံးထားသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ဆုတောင်းသောအခါတွင် ကျွန်ုပ်တို့သည် ယုံကြည်သူများ၏ မိသားစု ဝင်ဖြစ်သည်ကိုသတိရသင့်ပေသည်။ သူတပါး နှင့် ကျွန်ုပ်တို့၏မိသားစုဝင်များထိခိုက်နစ်နာစေမည့် ဆုမျိုးတောင်းပိုင်ခွင့်မရှိပေ။ ဘုရားသခင်၏အလိုတော်အတိုင်းတောင်းပါ က ဆုတောင်းချက်ပြည့်စုံခြင်းသည် တပါးသူအတွက်ကောင်းကြီးမင်္ဂလာဖြစ်ပေမည်။

ဘုရားသခင်၏အလိုတော်ကိုဦးစွာထားပြီးပါက၊ ကျွန်ုပ်တို့၏လိုအပ်မှုများကိုတောင်းခံရပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လို အပ်မှုများကိုသိသူ၊ စိတ်ဝင်စားသူဖြစ်သည်။ သိလည်းသိနှင့်ပြီးဖြစ်သည်။ ထိုသို့ဆိုသော် 'Why pray?' ဟုမေးခွန်းထုတ်ချင်ပေမည်။ ဆုတောင်းချိန်သည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ချိန်းချက်ချိန် (appointed time)ဖြစ်သည်။ ဤအချိန်တွင် ကျွန်ုပ်တို့၏လိုအပ်မှုကိုတင်ပြရန်အချိန်ဖြစ်သည်။ ဘုရားသခင်ကိုယုံကြည်လျက် အားကိုးလျက် မိမိလိုအပ်သော ဆုများ ကိုပေးပိုင်သည်ကိုသိမြင်လျက် ဆုတောင်းပါ က ရရှိသောအဖြေသည် ဘုရားဘုန်းတော် ကိုသာထင်ရှားစေမည့် အဖြေနှင့် ရရှိသောအဖြေကို မှန်ကန်သင့်လျော်စွာအသုံးချတတ် မည်ဖြစ်သည်။ ဘုရားသခင်က အထက်မှ အရှိန်အဝါဖြင့်အတင်းပေးသည်ထက် မိမိလုပ်သည်ကိုတောင်းခံကာ လက်ခံရရှိခြင်း သည်ပို၍ အဓိပ္ပါယ်ရှိသော အဖြေဖြစ်ပေမည်။

နေ့စဉ်လိုအပ်မှုအတွက်တောင်းခံပိုင်ခွင့် ရှိပါသည်။ ခွင့်လွှတ်နိုင်မည့်ခွန်အားကိုလည်း တောင်းခံခွင့်ရှိသလို မကောင်းသောအရာမှ ကာကွယ်ပေးရန်လည်းတောင်းခံခွင့်ရှိပေသည်။

'အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ' ဟုဆိုရာတွင် ဘုရားသခင်ကသွေးဆောင်လို့မဟုတ်ဘဲ၊ ခံစားတွေ့ကြုံရမည့် သွေးဆောင်ခြင်းမှာ အလိုတော်ကိုသိမြင်လျက်ဘုရားသခင်၏လမ်းညွှန်မှုကိုခံယူနိုင်ရန်ဖြစ်သည်။ သွေးဆောင်ခြင်းခံလျက်အံ့သြဖွယ်ရာအမှုဖြင့်ကယ်တင်စေရန်လည်းတောင်းလျှောက်ရန်မသင့်ပေ။

## We must pray, having a forgiving spirit toward others(ဖြး၁၄–၁၅)

'သူတပါးသည် ကျွန်ုပ်တို့ကိုပြစ်မှားသော အပြစ်များကိုကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များ ကိုလွှတ်တော်မူပါ' ဟု ဆိုရာတွင်ဘုရားသခင်က ကျွန်ုပ်တို့ရဲ့ အပြစ်လွှတ်ဖို့ အကျွန်ုပ်တို့၏ သူတပါးအားအပြစ် လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊ ရယူခြင်း မဟုတ်ပါ။ ဘုရားသခင်၏အပြစ်လွှတ်ခြင်းကိုမထိုက် မတန်ဘဲခံစားရတဲ့အတွက် ကိုယ်ချင်းစာလျက် သူတပါးအားအပြစ်လွှတ်ရန် ခရစ်တော်က သွန်သင်ခဲ့ခြင်းဖြစ်ပေသည် (မဿဲ ၁၈း၂၁–၃၅)

စစ်မှန်သော ဆုပဌနာသည် 'မိသားစုကိစ္စ' အရေးဖြစ်သည်။ မိသားစုများအတူတကွမနေနိုင်ပါက မစုစည်းနိုင်ပါက တောင်းလျှောက်သော ဆုသည်အချည်းနှီးဖြစ်သည်။ မိသားစုဝင်များအတူမနေနိုင်ပါက ဘုရားသခင်နှင့် မည်ကဲ့သို့အတူရှိနေနိုင်မည်နည်း။

ကျွန်ုပ်တို့ဆုတောင်းခွင့်ရှိခြင်းသည် ဘုရားသခင်၏သားသမီးများ၊ မိသားစုဝင်များ ဖြစ်သဖြင့်သာ တောင်းခံခွင့်ရှိပေသည်။ သို့သော် ဆုတောင်းခံခွင့်ရဖို့ရန်အတွက် ခွင့်လွှတ်ခြင်း ဖြင့်မရယူနိုင်ပေ။ ဘုရားသခင်နှင့်မှန်ကန်သော ဆက်ဆံမှုမရှိပါက သူတပါးနှင့် မှန်ကန်စွာ ဆက်ဆံနိုင်မည်မဟုတ်ပေ။ ထို့အတူ တောင်းသောဆုမှာလည်း ထိရောက်မှုရှိမည်မဟုတ်ပေ။ ကျွန်ုပ်၏ညီအစ်ကို၊ မိတ်ဆွေ တို့နှင့် မှန်ကန်စွာ ဆက်ဆံနိုင်ခြင်းသည် ကျွန်ုပ်နှင့် ဘုရားသခင်၏ဆက်ဆံမှုကို မှန်မမှန်ကို အဆုံးအဖြတ်ပေးနေသည်။ သို့ဖြစ်၍ခွင့်လွှတ်ခြင်းသည် ဆုတောင်းနိုင်ရန်အရေးကြီးသော အချက်တချက်ပင်ဖြစ်ပေသည်။

နိဂုံး–

ရိုးသားစွာ စိတ်နှလုံးမှာဆုတောင်းခြင်းသည်
ဘုရားသခင်၏နာမတော်ကိုချီးမြှောက်လျက်ရှိသည်။ နိုင်ငံတော်တည်ထောင်ရန်ကိုလည်း လျင်မြန်စေသည်(၂ပေ ၃း၁၂)။ အလိုတော် သည်လည်းဤကမ္ဘာပေါ်မှာပြည့်စုံစေမည်။ ဆုတောင်းသူ၏စိတ်တွင်လည်း အပြစ်ကင်းစင်လျက်ရှိပေမည်။ ခွင့်လွှတ်နိုင်သော စိတ်မရှိ သူ၏ဆုတောင်းသံကိုအဖြေပေးပါက ဘုရားသခင်သည် မိမိ၏နာမအားကဲ့ရဲ့စရာ အကြောင်း ဖြစ်စေတော့မည်။ ကိုယ့်အလိုကိုသာ ဦးစားပေးသူ၏ဆုတောင်းချက်ကိုဘုရားသခင် မည်ကဲ့သို့ အဖြေပေးနိုင်မည်နည်း။ တကယ်လို့ သူတို့ကိုအဖြေပေးပါက ဘုရားသခင်ကအပြစ်ကျူးလွန်ဖို့ အားပေးသလို ဖြစ်နေပေမည်။

သို့ဖြစ်၍ ဆုတောင်းခြင်းတွင်အရေးကြီးသော အချက်မှာ တောင်းသောဆုကို ရယူခြင်းထက် ဘုရားသခင်ယုံကြည်စိတ်ချစွာပေးသောသူ ဖြစ်ရပေမည်။

'The important thing about prayer is not simply getting an answer, but being the kind of person whom God can trust will an answer.'

*–လင်း (ပုသိမ်)–*